# မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် သတင်းထုတ်ပြန်ချက်

## အမှတ်စဉ် ( ၁၄/ ၂၀၁၉ )

မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်၏ အစည်းအဝေးအမှတ်စဉ် (၁၄/ ၂၀၁၉) အား ၂၀၁၉ ခုနှစ် စက်တင်ဘာလ (၅)ရက်နေ့တွင် ရန်ကုန်မြို့၊ သစ္စာလမ်းရှိ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရုံးဌာ ကျင်းပပြုလုပ်ခဲ့ပါသည်။

အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၉) အပါအဝင် ရက်သတ္တပတ်အတွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အဆိုပြုလုပ်ငန်း (၅)ခု၊ အတည်ပြုလုပ်ငန်း (၁၂)ခု စုစုပေါင်း (၁၇)ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများအနက် မြန်မာ နိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အဆိုပြုလုပ်ငန်း(၅)ခု၊ ရန်ကုန်တိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁၀)ခု၊ ပဲခူးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁)ခုနှင့် မန္တလေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း(၁)ခု ခွင့်ပြုခဲ့ပါသည်။ ယခုအစည်းအဝေးကာလ အတွင်း စုစုပေါင်းလုပ်ငန်း (၁၇)ခုမှ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၂၅၉.၃၃၁) သန်း ကို ခွင့်ပြု/ အတည်ပြုပေးခဲ့ပါသည်။ အဆိုပါလုပ်ငန်းများမှ ပြည်တွင်းလုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၄,၉၉၀)ဦး ကို ဖန်တီးပေးမည် ဖြစ်ပါသည်။ ခွင့်ပြု/ အတည် ပြုလုပ်ငန်း (၁၇)ခုမှာ စက်မှုကဏ္ဍမှ(၁၂)ခု၊ လယ်ယာကဏ္ဍမှ (၁)ခု၊ အခြားဝန်ဆောင်မှုကဏ္ဍမှ (၁)ခု၊ အိမ်ယာအဆောက်အုံကဏ္ဍမှ (၁)ခုနှင့် မွေး/ရေကဏ္ဍမှ (၂)ခု ဖြစ်ပါသည်။

၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ (၁) ရက်နေ့မှ စက်တင်ဘာလ (၅) ရက်နေ့အထိ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၂၅၂)ခု၊ ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၂,၅၅၀.၇၇၃) သန်း ဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၃,၈၇၆.၃၅၂) သန်းဖြစ်ပါသည်။

အထူးစီးပွားရေးဇုန် ဥပဒေအရ ၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ(၁) ရက်နေ့မှ စက်တင်ဘာလ (၅)ရက်နေ့အထိ ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ခြင်း အပါအဝင် စုစုပေါင်း ခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၂၂၃.၆၈၀) သန်းဖြစ်ပါသည်။

၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ(၁) ရက်နေ့မှ စက်တင်ဘာလ (၅) ရက်နေ့ အထိ စုစုပေါင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုပမာဏ အမေရိကန်ဒေါ်လာ (၄,၁၀၀.၀၃၂) သန်းဖြစ်ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm

အစည်းအဝေးအမှတ်စဉ် (၁၄/၂၀၁၉) အပါအဝင် ရက်သတ္တပတ်အတွင်း မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှုအဆိုပြုလုပ်ငန်း (၂)ခု၊ အတည်ပြုလုပ်ငန်း (၆)ခု ခွင့်ပြုခဲ့ပါသည်။ အဆိုပါ လုပ်ငန်းများအနက် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်မှ အဆိုပြုလုပ်ငန်း(၂)ခု၊ စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း(၁)ခု၊ တနင်္သာရီတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၃)ခု၊ ကရင်ပြည်နယ်ရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁)ခုနှင့် မန္တလေးတိုင်းဒေသကြီးရင်းနှီးမြှုပ်နှံမှုကော်မတီမှ အတည်ပြုလုပ်ငန်း (၁)ခု ခွင့်ပြုပေးခဲ့ပါသည်။ ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၁.၃၈၆)သန်း အပါအဝင် ကျပ် (၄၄,၅၉၇.၈၄၅)သန်း ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းမှ ပြည်တွင်း လုပ်သားများအတွက် အလုပ်အကိုင် အခွင့်အလမ်းပေါင်း (၄၆၆)ဦး ကို ဖန်တီးပေးမည် ဖြစ်ပါသည်။ ခွင့်ပြု/ အတည် ပြုလုပ်ငန်း (၈)ခုမှာ စက်မှုကဏ္ဍမှ (၂)ခု၊ အိမ်ယာကဏ္ဍမှ (၂)ခု၊ ဟိုတယ်ကဏ္ဍမှ (၃)ခုနှင့် အခြားကဏ္ဍမှ (၁)ခု ဖြစ်ပါသည်။

၂၀၁၈-၂၀၁၉၊ ဘဏ္ဍာနှစ် အောက်တိုဘာလ (၁)ရက်နေ့မှ စက်တင်ဘာလ (၅)ရက်နေ့အထိ မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံမှု ခွင့်ပြု/ အတည်ပြုပေးခဲ့မှုမှာ မြန်မာနိုင်ငံသား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း (၁၅၂)ခု၊ အမေရိကန်ဒေါ်လာ (၃၃၅.၈၃၄)သန်း အပါအဝင် ကျပ် (၁,၁၁၆,၆၁၉.၄၇၆) သန်းဖြစ်ပါသည်။ ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်း အပါအဝင် ရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ်လာ (၄၂၅.၅၀၁) သန်း အပါအဝင် ကျပ် (၁,၃၇၃,၆၁၉.၅၁၅) သန်း ဖြစ်ပါသည်။

Email: dica@mptmail.net.mm
Website: www.dica.gov.mm